# ငါးလိပ်စွန်အကြောင်းသိကောင်းစရာ

## ငါးလိပ်စွန်များ / Oceanic manta ray


Mobula birostris





**ငါးလိပ်စွန်တိ (MANTA RAYS) က ပင်လယ်သတ္တဝါထဲမှာတွီရှိရရေ ငါးလိပ်ကျောက်တိထဲက အကြီးဆုံး မျိုးစိတ်ဖြစ်ပါရေ။**

မှတ်တမ်းတိအရဆိုကေ အကြီးဆုံးငါးလိပ်စွန်ရေ တောင်ပံထိပ်တစ်ခုကနီ တောင်ပံထိပ်တစ်ခုထိ ၇ မီတာ အရှည်ရှိပါရေ။ ငါးလိပ်စွန်အမတိရေ အထီးတိထက်အရွယ်အစားပိုကြီးပါရေ။



ငါးလိပ်စွန်တိကို ပင်လယ်သမုဒ္ဒရာကမ်းဝီးဒေသတိက ကျွန်းတိနဲ့ ပင်လယ်အောက်ခြေမှာရှိရေ ကျောက်ပုံတိအနားမှာ တွီရှိနိုင်ပါရေ။ မြန်မာနိုင်ငံမှာ ငါးလိပ်စွန်တိကို မြိတ်ကျွန်းစုက နိန်ရာတချို့မှာ တွိ့ရှိရပြီးကေ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတိမှာလည်း မတော်တဆ ဖမ်းဆီးရမိရေ အချက်အလက်တိကို တွီရှိရပါရေ။



**ငါးလိပ်စွန် တစ်ကောင်၏ သက်တမ်းမှာ ပျမ်းမျှအားဖြင့် ၄၅ နှစ်ရှိပါရေ။**

ငါးလိပ်စွန်အမ တစ်ကောင်ရေသူရို့ဘဝသက်တမ်းတစ်လျှောက် မှာ ငါးလိပ်စွန်သားပေါက် ၄ ကောင်ကနီ ၇ ကောင်ရာ မွီးဖွားပီးနိုင်ပါရေ။ တစ်ကြိမ်သားပေါက်ကေ များသောအားဖြင့် တစ်ကောင်ရာ သားပေါက်လေ့ရှိပြီးကေ ကိုယ်ဝန်ဆောင်ချိန်ရေ ၁၂လကနီ ၁၃လ အထိ ကြာမြင့်ပါရေ။



**ငါးလိပ်စွန်တိစွာ အစာကိုစစ်ယူစားသောက်တေ သတ္တဝါတိ ဖြစ်ပါရေ။**

ယင်းငါးတိစွာ ပါးစပ်ကို အကျယ်ကြီးဟာပြီးကေ ရီ တိနှင့် တတူ အကောင် မျှောချေတိနဲ့ ပုစွန်ဆိတ်ချေတိကို ဝင်စီပြီးကေ ပါးစပ်ထဲက အစာထိကို စစ်ယူစားတတ်တေ ပါးဟက် (GILL RAKERS) တိကိုအသုံးပြုပနာအစာကိုစားသောက်ကတ် ပါရေ။ အသက်ရှူနိုင်ဖို့အတွက်လည်း ဆက်လို့ ကူးခတ်ကတ်ပါရေ။



**ငါးလိပ်စွန်တိရေ ဉာဏ်ရည်မြင့်လို့ တဝမြင့်မား ပြီးကေ စူးစမ်း စပ်စုလိုစိတ်ရှိရေ သတ္တဝါချေ တိဖြစ်ကတ်ပါရေ။**

ငါးတိ အားလုံးထဲမှာ ခန္ဓာကိုယ်အရွယ်အစားအချိုးနှင့်နှိုင်းယှဉ်ကေ ကြီးမားရေ ဦးနှောက်ပါရှိ ရေ သတ္တဝါမှာ ငါးလိပ်စွန်ဖြစ်စွာ ကို သိကတ်ပါလာ။



**ငါးလိပ်စွန် တိရေ ပင်လယ်ရီ နက်ပိုင်းတိအထိ လားလာနိုင်ရေ သတ္တဝါတိ ဖြစ်ပါရေ။**

ယင်းငါးတိရေ ရီအနက် မီတာ ၁၀၀၀ကျော် အထိ ရီငုပ်လားလာနိုင်စွာကို မှတ်တမ်းတိအရ သိရှိရပါရေ။



**ငါးတိကို အလွန်အကျွံ ဖမ်းဆီးစွာရေ ငါးလိပ်စွန်တိအတွက် အကြီးမားဆုံး ခြိမ်းခြောက်နီရေ အန္တရယ်တိထဲက တစ်ခုအပါအဝင်ဖြစ်ပါရေ။**

မြန်မာနိုင်ငံမှာ ငါးလိပ်စွန်တိကို မတော်တဆဖမ်းရမိရေ ငါးဖမ်းလုပ်ငန်းရှိရေပိုင် ယင်းသူရို့ကို ပစ်မှတ်ထားပနာ ဖမ်းဆီးနီရေ ငါးဖမ်းလုပ်ငန်းတိလေ့ရှိပါရေ။ ပြည်တွင်းမှာ ယင်းသူရို့၏ အသားတိကို စားဖို့အတွက် အခြောက်လှမ်းပနာရောင်းချကတ်ပြီးကေ အစာကို စစ်ယူစားသောက်နိုင်ဖို့ အသုံးပြုရေ ပါးဟက် (GILL RAKERS) တိကိုလေ့ဆီးဝါးဖော်စပ်စွာမှာ အသုံးပြုဖို့အတွက် တရုတ်နိုင်ငံကိုတင်ပို့ရောင်းချကတ်ပါရေ။

# ငါးလိပ်စွန်တိနဲ့  တွေ့ကေ ကျွန်တော်ရို့ဇာပိုင်ပြုမူသင့်ပါလဲ။


မြန်မာနိုင်ငံရေ  မျိုးသုန်းလုနီး တောရိုင်းတိရစ္ဆာန်တိနှင့်အပင်တိ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ သဘောတူညီမှုစာချုပ် (CITES) မှာ လက်မှတ်ထိုးထားရေ နိုင်ငံဖြစ်ကေလေ့ အဂုထိ ငါးလိပ်စွန်တိနဲ့ အခြားမျိုးသုန်းလုနီးပါး ငါးလိပ်စွန်မျိုးစိတ်တိ ဖမ်းဆီးရောင်းချစွာကို ရှင်းလင်းတိကျရေ ဥပဒေတိ နဲ့ တားဆီးထားစွာမဟိသိမ့်ပါ။

### ဆူညံသံကို အတတ်နိုင်ဆုံး လျှော့ချပါ။

ရီထဲကို မခုန်ချဘဲ  ဆင်းပါ။
အသချေငြိမ်ပနာ ကူးခတ်ပါ။
ရုတ်တရက်ဆူညံသံတိရေ
ငါးလိပ်စွန်တိကိုကြောက်လန့်စီပါရေ။

### စက်တပ်လောင်းချေတိဆိုကေ စက်ကိုရပ်တန့်ခြင်း (သို့) အရှိန်လျှော့ခြင်းပြုလုပ်ပါ။


စက်လေ့ချေ  ပန်ကာတိကြောင့် ငါးလိပ်စွန်တိ ထိခိုက်ဒဏ်ရာ ရစွာကို ရှောင်နိုင်ဖို့ စက်ကို ရပ်ပီးပါ။ မဟုတ်ကေ အရှိန်လျှော့ ပနာမောင်းပါ။



### ငြိမ်မနာ စကေ့ချေ ခွာလို့နိန်ပါ။

ငါးလိပ်စွန်ရှိရေ နီရာနဲ့ အနည်းဆုံး ၃မီတာ အကွာမှာနီပါ။ အကယ်၍ ငါးလိပ်စွန်က အနားကို ချဉ်းကပ်ဖို့ကြိုးစားကေ ငြိမ်ပနာ အနားမှာ ကူးခတ်နိုင်အောင် နီရာပီးပါ။





### ယင်းငါးနောက်သို့ လိုက်စွာ နှင့် ကိုင်ကြည့်စွာ မလုပ်ပါကေ့။

ငါးလိပ်စွန်၏ အနားကို ဘေးဘက်ခြမ်းကနီပနာ ချဉ်းကပ်ပါ။
သူထွက်လားဖို့ ကန်ကေ လားဖို့ လမ်းကြောင်းထားပီးပါ။
ရှိဘက်ကနီချဉ်းကပ်ခြင်းမပြုပါကေ့။

### ဓာတ်ပုံရိုက်ယူခြင်း

၎င်းတို့၏ မျက်လုံးများကို တိုက်ရိုက် ထိခိုက်စီနိုင်ရေ အလင်းစူးစူး ထိုးစွာတိနဲ့၊  ဓာတ်ပုံတိ အလွန်အကျွံ ရိုက်ယူခြင်းတိကိုရှောင်ရှားပါ။ ငါးလိပ်စွန် ဝမ်းမှာ ရှိရေ အစက်အပြောက်ပုံတိရေ လက်ဗွေရာတိပိုင် ထူးခြားပါရေ။ သုတေသီတိရေ ယင်းအစက်အပြောက်တိကို ကြည့်ပနာ ငါးလိပ်စွန်တစ်ကောင်ချင်းစီကို ခွဲခြားသတ်မှတ်နိုင်ပြီးကေ့ ၊ ယင်းငါးတိ၏အကောင်အရေအတွက် နဲ့ ရွေ့လျားစွာကိုလေ့လာစွာတိကို  ပြုလုပ်နိုင်ပါရေ။ ကြုံခလို့  ငါးလိပ်စွန်တိ  ဝမ်းဗိုက်ပိုင်းမှာရှိရေ  အစက်အပြောက်ပုံတိကို ဓာတ်ပုံရိုက်ယူခပနာသုတေသီတိကိုကူညီ နိုင်ဖို့ www.mantamatcher.org မှာ တင်ပြနိုင်ပါရေ။





# မြန်မာ့ကမ်းရိုးတန်းမှာတွေ့ရရေ ငါးဘဲလိပ် (Mobula species) မျိုးစိတ်များ

မြန်မာ့ရိုပြင်၊ ငါးဒိုင်တိနဲ့ စိုးတိမှာ လေ့လာတွေ့ရရေ ငါးဘဲလိပ် မျိုးစိတ်တိ (Mobula species) ကို အောက်မှာ ဖော်ပြထားပါရေ။ ငါးဘဲလိပ် (Mobula species) တိကို ငါးလိပ်စွန်၊ ဘဲလိပ်၊ ဂွ၊ အူကြီး၊ လင်းပုံ့ငါးလိပ်ကျောက် ဆိုမနာ ဒေသ အခေါ် အမျိုးမျိုးတိနဲ့ ခေါ်ကတ်ပါရေ။ ဒေသတစ်ခုမှာ ခေါ် ဆိုရေဒေသ အခေါ်တစ်မျိုးတည်းအောက်မှာ မတူညီရေ မျိုးစိတ်တိ ပါဝင်မနာ ရောနှီစွာတိလေ့တွီ။

## Shorthorned pygmy devil ray

Mobula kuhlii

ဘယ်ဘက်တောင်ပံထိပ်ဖျားမှ ညာဘက်တောင်ပံထိပ်ဖျားထိ
အကျယ် - ပျမ်းမျှအားဖြင့် ၁၀၀စင်တီမီတာ (၃ ပေ)




မျိုးသုဉ်းရန်အန္တရာယ်ရှိသောမျိုးစိတ်

EX EW CR **EN** VU NT LC

## Sicklefin devil ray

Mobula tarapacana

ဘယ်ဘက်တောင်ပံထိပ်ဖျားမှ ညာဘက်တောင်ပံထိပ်ဖျားထိ
အကျယ် - ပျမ်းမျှအားဖြင့် ၂၀၀-၂၇၀ စင်တီမီတာ (၆.၆- ၈.၈ပေ)



မျိုးသုဉ်းရန်အန္တရာယ်ရှိသောမျိုးစိတ်

EX EW CR **EN** VU NT LC

## Bentfin devil ray

Mobula thurstoni

ဘယ်ဘက်တောင်ပံထိပ်ဖျားမှ ညာဘက်တောင်ပံထိပ်ဖျားထိ
အကျယ် - ပျမ်းမျှအားဖြင့် ၁၃၅စင်တီမီတာ (၄.၅ပေ)




မျိုးသုဉ်းရန်အန္တရာယ်ရှိသောမျိုးစိတ်

EX EW CR **EN** VU NT LC

## Spinetail devil ray

Mobula mobular

ဘယ်ဘက်တောင်ပံထိပ်ဖျားမှ ညာဘက်တောင်ပံထိပ်ဖျားထိ
အကျယ် - ပျမ်းမျှအားဖြင့် ၁၈၀-၂၈၀ စင်တီမီတာ (၅.၉- ၉.၂ပေ)



မျိုးသုဉ်းရန်အန္တရာယ်ရှိသောမျိုးစိတ်

EX EW CR **EN** VU NT LC

## Oceanic manta ray

Mobula birostris

ဘယ်ဘက်တောင်ပံထိပ်ဖျားမှ ညာဘက်တောင်ပံထိပ်ဖျားထိ
အကျယ် - ပျမ်းမျှအားဖြင့် ၄၀၀- ၅၀၀စင်တီမီတာ (၁၃- ၁၆.၅ပေ)

မျိုးသုဉ်းရန်အန္တရာယ်ရှိသောမျိုးစိတ်

EX EW CR **EN** VU NT LC



OUR OCEAN, OUR HOME

တို့ပင်လယ် တို့အိမ်

Myanmar Ocean Project

HEINRICH BÖLL STIFTUNG YANGON Myanmar